BNI Myanmar Peace Monitor

# Weekly News Review

Issue 107, 31 May - 6 June 2023



# ၂ နှစ်ပြည့် KNDF ၏

## ကရင်နီဒေသဆိုင်ရာသတင်းစကား

# ၂ နှစ်ပြည့် KNDF ၏ ကရင်နီဒေသဆိုင်ရာ သတင်းစကား

## နိဒါန်း

ကရင်နီပြည်(ကယား)အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရားသည် လွိုင်ကော်မြို့ တစ်မြို့တည်းတွင်သာ ရှိတော့သည်ဟု ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ဖွဲ့စည်းထူထောင်ခြင်း ၂ နှစ် ပြည့် စစ်ရေးသတင်းထုတ်ပြန်ချက်က ဆိုပါသည်။ ၂၀၂၁ ခုနှစ် မေလ ၃၁ ရက်တွင် ဖွဲ့စည်းခဲ့သည့် KNDF သည် ယခုအခါ စစ်ဗျူဟာ (၆) ဗျူဟာဖြင့် တပ်ရင်းပေါင်း ၂၂ ရင်းကို အခိုင်အမာ ဖွဲ့စည်းထားနိုင်ပြီဟုလည်း ဆိုပါသည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် KNDF တည်ထောင်ခြင်း ၂ နှစ်ပြည့်နှင့်အတူ ကရင်နီပြည်(ကယား)ဒေသတွင်း စစ်ရေး၊ နိုင်ငံရေးအရွေ့များကို လေ့လာတင်ပြသွားပါမည်။


## (၂) နှစ်ပြည့် KNDF စစ်ရေးသတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် မေလမှစပြီး ကရင်နီပြည်(ကယား)တဝှမ်းလုံးတွင် KNDF အပါအဝင် ကရင်နီတော်လှန်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီတပ်အကြား တိုက်ပွဲပေါင်း ၁၀၀၀ ကျော် ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂၀၆၅ ဦးကျော် သေဆုံးခဲ့ပြီး ၄၁ ဦးကို အရှင်ဖမ်းမိခဲ့သည်ဟုဆိုပါသည်။ စစ်ကောင်စီတပ်၏ ရှေ့တန်းစခန်း (၁၀)ခုအား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည့်အပြင် စစ်ဆေးရေးဂိတ်အချို့ကိုပါ သိမ်းပိုက်နိုင်ခဲ့ကြောင်း KNDF က ထုတ်ပြန်ထားသည်။ [1]

1 KNDF ဖွဲ့စည်းတည်ထောင်ခြင်း (၂) နှစ်ပြည့် စစ်ရေး သတင်းအချက်အလက်များထုတ်ပြန်ခြင်း http://rb.gy/hynz3

ကရင်နီပြည်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရားသည် လွိုင်ကော်မြို့ တစ်မြို့တည်းတွင်သာ ကျန်ရှိကြောင်းနှင့် တိုက်ပွဲဖြစ်ပွားနေသော ဒီးမော့ဆို မြို့၊ ဖရူဆိုမြို့နှင့် ဘောလခဲမြို့တို့တွင် လူသူကင်းမဲ့ကာ စစ်ကောင်စီတပ်ရင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များသာ ကျန်ရစ်တော့သည်ဟု ဆိုပါသည်။ အခြားသော မြို့နယ်များတွင် စစ်ကောင်စီတပ်များရှိနေသော်လည်း သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၏ စီမံအုပ်ချုပ်မှုအောက်တွင် ရှိနေပြီဖြစ်သည်။ ထို့အပြင် စစ်ကောင်စီထိန်းချုပ်ထားသော မြို့ပေါ်ရပ်ကွက်များမှအပ ကျန်မြို့နယ်နှင့်ဒေသများသည် သက်ဆိုင်ရာ ကရင်နီတော်လှန်ရေးတပ်ဖွဲ့များနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေပြီဟု ဆိုပါသည်။

စစ်အာဏာသိမ်းကာလအတွင်း ကရင်နီပြည်(ကယား)၏ မြို့နယ် (၇)ခုအပြင် ရှမ်း - ကရင်နီ(ကယား)နယ်စပ်ဖြစ်သည့် ဖယ်ခုံမြို့နယ်နှင့် ပင်လောင်းမြို့နယ်များအထိ စစ်ကောင်စီတပ်များအပေါ် ခုခံတော်လှန်စစ်သည် ပြင်းထန်ကျယ်ပြန့်နေခဲ့ပြီး ကရင်နီပြည် ဒီးမော့ဆိုမြို့နယ်နှင့် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်တို့သည် တိုက်ပွဲဖြစ် ပွားမှုအများဆုံး မြို့နယ်များ ဖြစ်နေသည်ကို တွေ့ရပါသည်။



ယင်းတို့ ခုခံတော်လှန်စစ်ပြင်းထန်လာမှုနှင့်အတူ ကရင်နီဒေသအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်များ၏ မီးရှို့ဖျက်ဆီးမှုများ၊ လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ၊ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူပိုင်နေအိမ် (၄၇၇)ကျော်၊ ဘာသာရေးအဆောက်အဦ (၁၂)လုံး၊ စာသင်ကျောင်း ၆ လုံးနှင့် ဆေးခန်း ၁၆ လုံးထိခိုက်ပျက်ဆီးခဲ့ရကြောင်း KNDF က ဆိုသည်။ ကရင်နီပြည်(ကယား) ဖရူဆိုမြို့နယ်နှင့် ရှမ်းတောင်ပိုင်းဒေသ ပင်လောင်မြို့နယ်အတွင်း အရပ်သားပြည်သူများအား စစ်ကောင်စီတပ်၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများလည်း ရှိခဲ့သည်ဟု ဆိုပါသည်။ နွေဦးတော်လှန်ရေး (၂)နှစ်တာအတွင်း စစ်ကောင်စီတပ်များအား ခုခံတော်လှန်ရင်း KNDF ၏ ရဲဘော် ၁၅၃ ဦးကျဆုံးခဲ့ကြောင်းလည်း ထုတ်ပြန်ချက်တွင် ပါဝင်သည်။

“

စစ်ကောင်စီရဲ့
အုပ်ချုပ်ရေးကို
ငြင်းပယ်ပြီး
ကရင်ပြည်သူလူထု
ကိုယ်စားပြု
အုပ်ချုပ်ရေးကို
တည်ဆောက်ကြရမှာ
ဖြစ်တယ်

”

## KNDF ဥက္ကဋ္ဌ၏သတင်းစကား

အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးတွင် KNDF သည် အမျိုးသားညီညွတ်ရေးတိုင်ပင်ခံကောင်စီ(NUCC)၊ အမျိုးသားညီညွတ်ရေးအစိုး(NUG)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) တို့၏ ရပ်တည်မှုနှင့် လုပ်ဆောင်မှုများတွင် ပူးပေါင်းဆောင်ရွက်ပြီး ပြည်နယ်အဆင့်တွင်လည်း ကရင်နီပြည်အတိုင်ပင်ခံကောင်စီ(KSCC)နှင့်အတူ ပြည်နယ်အစိုးရပေါ်ပေါက်ရေး၊ ကရင်နီပြည်သူလူထုအား ကာကွယ်ပေးရေးနှင့် ပညာရေး၊ ကျန်းမာရေးစသော အခြားသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ကရင်နီပြည်သူလူထုအတွက် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဟု KNDF ဥက္ကဋ္ဌ ခွန်းဘီထူးက ကတိပြုထားသည်။

“စစ်ကောင်စီရဲ့အုပ်ချုပ်ရေးကိုငြင်းပယ်ပြီး ကရင်ပြည်သူလူထုကိုယ်စားပြု အုပ်ချုပ်ရေးကို တည်ဆောက်ကြရမှာ ဖြစ်တယ်”။ [2]

နွေဦးတော်လှန်ရေး ၂ နှစ်တာကာလအတွင်း ကရင်နီတပ်မတော်(KA)၏ စစ်ရေးဦးဆောင်မှုကို အသိအမှတ်ပြုကြောင်းနှင့် KA ၏ စစ်ဦးစီးမှုနှင့်အတူ KA ၊ KNDF တပ်များအပြင် အခြားတပ်ဖွဲ့များနှင့် ပူးပေါင်းလက်တွဲကြိုးစားမှုများကြောင့် တပ်ပိုင်းဆိုင်ရာ နားလည်ယုံကြည်မှုမြင့်မားပြီး အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း ခွန်းဘီထူးက ပြောပါသည်။ ထို့အပြင် မြောက်ပိုင်းညီနောင်မဟာမိတ်(၃)ဖွဲ့ဖြစ်ကြသည့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ / မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNTJP/MNDAA)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး / တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA)နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်တော်(ULA/AA)တို့၏ လက်နက်ခဲယမ်းမျိုးစုံနှင့် တန်ဖိုးမဖြတ်နိုင်သော

2 ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ထူထောင်ခြင်း (၂)နှစ်ပြည့်အထိမ်းအမှတ် ဥက္ကဋ္ဌ၏ မိန့်ခွန်း http://rb.gy/nglf5

စစ်ရေးအကူအညီများကြောင့်သာ ယနေ့အထိ စစ်ရေး နိုင်ငံရေးအရ လှုပ်ရှားနေနိုင်ခြင်းဖြစ်သည်ဟု ဆိုပါသည်။ ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA) ထံမှလည်း စစ်ရေးသင်တန်းနှင့် နည်းနာများစွာကို သင်ယူခွင့်ရရှိခဲ့ကြောင်း KNDF ဥက္ကဋ္ဌက ပြောပါသည်။

## တွေ့ရှိသုံးသပ်ချက်

KNDF ဖွဲ့စည်းထူထောင်ခြင်း (၂) နှစ်ပြည့်အတွက် NUG ၊ KSCC ၊ ညီနောင် မဟာမိတ် (၃)ဖွဲ့ဖြစ်သည့် MNTJP / MNDAA၊ PSLF / TNLA၊ ULA / AA၊ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော်(BPLA)၊ ထားဝယ်ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့(TPLF)၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်(မန္တလေး)၊ NUG အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဒေသ(၃)မှ အမှတ် (၁၀၀၈)တပ်ရင်း ရှမ်းတောင်(SSRY)၊ ပြည်သူ့တော်လှန်ရေးတပ်ဦး(PRF)၊ မြန်မာ့တော်ဝင်နဂါးတပ်တော်(MRDA) စသည့် တော်လှန်ရေးအင်အားစုများက ဂုဏ်ပြုသဝဏ်လွှာများ အသီးသီးပေးပို့ခဲ့ ကြသည်ကို တွေ့ရသည်။

မြို့နယ်အလိုက်အခြေပြုကာ ရက်ဖြင့်မှတ်တမ်းကောက်ယူထားသော BNI - Myanmar Peace Monitor ၏ မှတ်တမ်းများအရ ၂ဝ၂၃ ခုနှစ် မေလ ၃၁ ရက်အထိ ကရင်နီပြည်(ကယား)နှင့် ရှမ်းပြည်တောင်ပိုင်းဒေသများအတွင်း KNDF အပါအဝင် မြို့ပြဒေသအလိုက် ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၇ဝ ကျော် ရှိခဲ့ပြီး ဒီးမော့ဆို၊ ဖယ်ခုံ၊ လွိုင်ကော်နှင့် ဖရူဆိုမြို့နယ်များသည် တိုက်ပွဲဖြစ်ပွားမှုအများဆုံး မြို့နယ်များဖြစ်ပါသည်။ ၂ဝ၂၂ ခုနှစ် မေလနှင့် ၂ဝ၂၃ ခုနှစ် မတ်လတို့သည် တိုက်ပွဲဖြစ်ပွားမှုအများဆုံးလများအဖြစ် မှတ်တမ်းဝင်နေပါသည်။ [3] ခုခံတော်လှန်စစ်အရှိန်တိုးမြှင့်လာသည်နှင့်အတူ ဒီးမော့ဆိုမြို့နယ်သည် အာကာသိမ်းစစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုအခံရဆုံးမြို့နယ်ဖြစ်ခဲ့ပြီး ဖယ်ခုံမြို့နယ်သည် ဒုတိယမြောက် လေကြောင်းတိုက်ခိုက်မှုအခံရဆုံးမြို့နယ်ဖြစ်နေသည်ကိုတွေ့ရပါသည်။ [4] စစ်ကောင်စီသည် မြို့နယ် (၇) ခုသာ ရှိသည့် ကရင်နီဒေသနှင့် ရှမ်းပြည်နယ်ဖယ်ခုံမြို့နယ်တို့အတွင်း မြေပြင်စစ်ကြောင်းထိုးမှုထက် လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကိုသာ အားပြုလုပ်ရှားနေရသည်ဟု ဆိုရပါမည်။

ချုပ်၍ဆိုရသော် ၂ နှစ်ပြည့် KNDF ၏ ကရင်နီဒေသဆိုင်ရာ သတင်းစကားများသည် နွေဦးတော်လှန်ရေး၏ အရှိန်အဟုန်နှင့် ခွန်အားကိုမြင်တွေ့ရသကဲ့သို့ နွေဦးတော်လှန်ရေးအင်အားစုများအကြား အချင်းချင်းစုစည်း ညီညွတ်စွာ အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ဆင်နွှဲနိုင်မှုအခြေအနေများသည် တခြားသော တိုင်းနှင့်ပြည်နယ်အသီးသီးရှိ ခုခံတော်လှန်ရေးအင်အားစုများအတွက် အတုယူဖွယ်ရာဖြစ်နေကြောင်း ရှုမြင်မိပါသည်။

3 Myanmar Armed Conflict Dashboard , 31 May 2023 , http://rb.gy/o299w

4 Military Regimes Airstrikes in Myanmar, 31 May 2023 http://rb.gy/0wv9n

# Weekly HighLight Quote




ညီမတို့ ဘာမှမရှိတဲ့အခြေနေကနေပြီးတော့ ဒီအခြေအနေထိရောက်အောင် လူတွေအများကြီး ကြိုးစားခဲ့ရတယ်။ ခုချိန်မှာလည်း စစ်ကောင်စီကို ညီမတို့ တွန်းလှန်နေဆဲဖြစ်တယ်ပေါ့နော်။ ဒီအခြေနေ ဒီ (၂) နှစ်အတွင်းပေါ့နော်။ ညီမတို့လုပ်တဲ့အလုပ်အပေါ် ကျေနပ်အားရမှု အများကြီးရှိခဲ့တယ်။ပြီးတော့ ဒီတော်လှန်ရေးအပေါ်မှာ ညီမတို့ပြည်နယ်တစ်ခုပေါ့နော် ညီမတို့ပြည်နယ် ဒီအမျိုးသားတန်တူရေး ကိုယ်ပိုင်ပြဌာန်းနိုင်ခွင့်နဲ့ ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်သည်အထိ ညီမတို့တော်လှန်ပြီး တိုက်ပွဲဝင်သွားဖို့ မျှော်လင့်ထားပါတယ်။

## မိထော်


- ထောက်ပို့အပိုင်း တာဝန်ထမ်းဆောင်သူ
- ကရင်နီအမျိုးသားများကာကွယ်ရေးတပ်(KNDF)

(BNI – MPM ၏ "KNDF ရဲဘော်များ၏
၂ နှစ်ပြည့်အထိမ်းအမှတ် စကားသံများစုစည်းမှု" မှ
ကောက်နှုတ်ဖော်ပြသည်)

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ မေလ ၃၁ ရက် မှ ဇွန်လ ၆ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြ ဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF / LDF) များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO) များအကြား တိုက်ပွဲ ဖြစ်ပွားမှုရက်ပေါင်း ၂၅ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၇ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှုအခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက်ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၂၅ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း



## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

၃၁ မေ - ၆ ဇွန် ၂၀၂၃









## ၃၁၀၀၀ စစ်ဘေးရှောင်အရေအတွက် (၃၁ မေ – ၆ ဇွန် ၂၀၂၃)



**စုစုပေါင်း တိုက်ပွဲအရေအတွက် ၇ ရက်**





# စစ်ကိုင်းတိုင်း

ချောင်းဦး၊ ဖောင်းပြင်၊ မုံရွာ၊ အရာတော်နှင့် ရွှေဘိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၂ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၅ ရက်နေ့က ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာရှိ အနောက်မြောက်တိုင်းစစ်ဌာနချုပ် (နမခ) ဘက်စုံခြံတွင်အစောင့်ချထားသော စစ်ကောင်စီတပ်ဖွဲ့ ပစ်ခတ်တိုက်ခိုက်ခံရပြီး ရဲ ၁ ယောက်သေဆုံးခဲ့သည်။ စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် ခင်ဦးနှင့် ဝက်လက်မြို့နယ်များမှ ပြည်သူ ၃ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ် စစ်ကြောင်းထိုးလာသောကြောင့် ခင်ဦး၊ ဆားလင်းကြီးနှင့် စစ်ကိုင်းမြို့နယ်များမှ ဒေသခံပြည်သူ ၁၉၈၈ ကျော်ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။







# ကချင်

ဇွန်လ ၃ ရက်နေ့က ကချင်ပြည်နယ်၊ ဟိုပင်မြို့ရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ် ဝင်းကိုကိုဆိုသူသည် အခွန်ကောက်ပြီးပြန်လာစဉ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ဖမ်းဆီးခြင်းခံရပြီးနောက် စစ်ဆေးမှုပြုလုပ်နေစဉ်ထွက်ပြေးသဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးရာ ဦးခေါင်းကို ထိမှန်ခဲ့သည့်အတွက် နေရာတွင်ပွဲချင်းပြီးသေဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၆ ရက်နေ့က ဖားကန့်မြို့နယ်၊ ဆိုင်းတောင် (ဆိပ်မူ) ကျေးရွာဘက်တွင် ဒဏ်ရာများဖြင့်သေဆုံးနေသည့် အမျိုးသား ၂ ဦး၏ ရုပ်အလောင်းကို တွေ့ရသည်။






## မကွေးတိုင်း

ပခုက္ကူနှင့် ရေစကြိုမြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၉ ဦးသေဆုံးခဲ့သည်။ ဇွန်လ ၂ ရက်နေ့က ချောက်မြို့နယ်တွင် စျေးဝယ်ထွက်လာသည့် စစ်ကောင်စီတပ်ကြပ်ကြီး ၁ ဦးကို ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။ ထို့အပြင် ဇွန်လ ၅ ရက်နေ့ကနတ်မောက်မြို့၊ မြင်းတဲကြီးကျေးရွာရှိ စစ်ကောင်စီတပ်သတင်းပေးဆိုသူ ကိုတင်မောင်ဝင်းကို ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။


---

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ရက်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း


- ၀ - ၀
- ၀ - ၁




## မန္တလေးတိုင်း


ဇွန်လ ၂ ရက်နေ့က တောင်သာမြို့နယ်၊ ဇရပ်ကြီးကျေးရွာ ဘုန်းကြီးကျောင်းဝန်းအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၇ ဦးထက်မနည်း သေဆုံးခဲ့သည်။ ထို့အပြင် မြင်းခြံနှင့်မလှိုင်မြို့နယ်များတွင် စစ်ကောင်စီတပ် ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁၅ ဦး သေဆုံးခဲ့သည်။ ဇွန်လ ၄ ရက်နေ့က တောင်သာမြို့နယ်အတွင်း ပြည်သူ့ကာကွယ်ရေးတပ် သတင်းများလိုက်လံစုံစမ်းနေသော စစ်မှုထမ်းဟောင်းလှမိုးဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။ ဇွန်လ ၄ ရက်နေ့က စဉ့်ကူးမြို့နယ်၊ ကြက်တူရွေးရွာနှင့် သဲအင်းရွာတွင် စစ်ကောင်စီတပ် စစ်ကြောင်းထွက်သွားပြီး ဒေသကာကွယ်ရေးတပ်ဖွဲ့တွေ နယ်မြေရှင်းလင်းရေး ဝင်ရောက်ချိန်မှာ ဒေသခံ ၇ ဦး မီးရှို့သတ်ခံထားရသည်ကိုတွေ့ရပါသည်။ ဇွန်လ ၁ ရက်နေ့က မတ္တရာမြို့နယ်၊ ကုန်းတန်းလေးကျေးရွာအဝင် လမ်းဘေးနှစ်ပေခန့်အကွာ၌ ထောင်ထားသည့်မိုင်း ပေါက်ကွဲရာမှ ဆယ်ကျော်သက် လူငယ်တစ်ဦး ရင်ဘတ် မိုင်းဖောက်ဝင်ဒဏ်ရာဖြင့် နေရာတွင်ပင် သေဆုံးခဲ့သည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ ရက်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀
၀ - ၁





# ကရင်ပြည်နယ်

ဇွန်လ ၂ ရက်နေ့က ကြာအင်းဆိပ်ကြီးမြို့အတွင်းရှိ စစ်ကောင်စီ၏ဌာနဆိုင်ရာရုံးများကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA၊ အထူးစစ်ဆင်ရေးတပ်ဖွဲ့–SOF၊ Cloud Wings ဒရုန်းတပ်ဖွဲ့တို့ပူးပေါင်း၍ဝင်ရောက်တိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်ဘက်မှ ၁၀ ဦးသေဆုံးကာ ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် စစ်ကောင်ဆီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ကြာအင်းဆိပ်ကြီးနှင့် ကော့ကရိတ်မြို့နယ်များမှ ဒေသခံပြည်သူ ၅ ဦး သေဆုံးခဲ့သည်။


---

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၃ ရက်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း


၀ - ၀
၀ - ၁





# ပဲခူးတိုင်း

ပေါင်းတည်၊ ရေတာရှည်နှင့် ကျောက်ကြီးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၁ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၄ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် တောင်ငူမြို့အခြေစိုက်လေကြောင်းရန် ကာကွယ်ရေးတပ်မှ ဒုဗိုလ်မှူးကြီးရဲနိုင်ကို မေလ ၃၁ ရက်နေ့ကရန်ကုန်-နေပြည်တော် အမြန်လမ်းတွင် ဆိုင်ကယ်ဖြင့်သွားနေစဉ် ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။ ကျောက်ကြီးမြို့နယ် တိုက်ပွဲကြောင့် နတ်သံကွင်းမြို့ အရှေ့ဘက်ရှိ ရေတွင်းကုန်းကြီးကျေးရွာ၊ ဘုံသဘောကျေးရွာအပါအဝင် ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၅ရက်





# ရှမ်း (သျှမ်း) ပြည်နယ်

သိန္နီ၊ လားရှိုးနှင့် ဖယ်ခုံမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ ကာကွယ်ရေးတပ်၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA)တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၀ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၆ ရက် နှင့် ၅ ရက်နေ့က ဖယ်ခုံမြို့နယ်၊ မိုးပြဲမြို့မှာ စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံ ပြည်သူ ၆ ဦး သေဆုံးခဲ့သည်။

---

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ ရက်




# တနင်္သာရီတိုင်း

ဇွန်လ ၆ ရက်နေ့က တနင်္သာရီမြို့နယ်၊ ဘန်းလမွတ်ကျေးရွာအုပ်စု၊ ချောင်းညီကိုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၀ ဦးထက်မနည်း သေဆုံးခဲ့သည်။ ဇွန်လ ၁ ရက်နေ့က ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့မှာ ကိုနိုင်ဦးဆိုသူသည် ကလိန်အောင်တံတားဂိတ်ကို ဆိုင်ကယ်ရပ်မပေးဘဲ ဆဲဆိုသွားသောကြောင့် စစ်ကောင်စီ တပ်က ပစ်သတ်ခဲ့သည်။ ထို့အပြင် ဇွန်လ ၁ ရက်နေ့က တနင်္သာရီမြို့နယ်၊ လယ်သစ်ကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ဆက်တိုက်ရမ်းသန်းပစ်ခတ်တာကြောင့် ဒေသခံ ၂၀၀၀ကျော် ဘေးလွတ်ရာတိမ်းရှောင်နေရသည်။


စုစုပေါင်း
တိုက်ပွဲအရေအတွက်
၃ ရက်




# မွန်ပြည်နယ်

ကျိုက်ထို၊ ဘီးလင်းနှင့် သထုံမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင် အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၄ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ ထိုသို့ သထုံမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားစဉ် သထုံခရိုင်အခြေစိုက် စစ်ကောင်စီတပ်စခန်းများမှလက်နက်ကြီးများ ပစ်ကူပေးခဲ့ရာ ဒူးရင်းဆိပ်ကျေးရွာနှင့် အနီးအနားရွာများသို့ကျရောက်ပေါက်ကွဲခဲ့ပြီး ဒူးရင်းဆိပ်ကျေးရွာနေ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး ခရီးသွားပြည်သူ ၃ ဦးလည်း ကျည်ထိမှန် သေဆုံးခဲ့သည်။


ထို့အပြင် ဇွန်လ ၁ ရက်နေ့က ကျိုက်ထိုမြို့နယ်၊ စစ်ကောင်စီတပ်သားများတပ်စွဲထားသည့် မုပ္ပလင်လမ်းဆုံ စစ်ဆေးရေးဂိတ်အား တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များက ဒရုန်းဖြင့် ၆၀ မမ ပုံးသီးနှစ်လုံးချ တိုက်ခိုက်ခဲ့ပြီး ၄၀ မမ များဖြင့် ၁၀ ချက်ထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၃ ဦး သေဆုံးခဲ့သည်။ ဇွန်လ ၂ ရက်နေ့က ရေးမြို့နယ်၊ ချောင်းတောင်ကျေးရွာရှိ စစ်မှုထမ်းဟောင်း ဦးပန်းရွှေဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။ မေလ ၃၁ ရက်နေ့က မော်လမြိုင်မြို့နယ်၊ ကော့လှာကျေးရွာအုပ်စု၊ ဖဲထော်ကျေးရွာ လယ်ကွင်းတွင် အသက် ၆၈ နှစ်အရွယ် ဦးမြင့်နှင့် ၎င်း၏သားဖြစ်သူ အသက် ၄၀ နှစ်အရွယ် ပုတ်ကြီး(ခ)အုံးဟန် ဆိုသူတို့ ၂ ဦးသည် အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည်။






# ရန်ကုန်တိုင်း

ဖွန်လ ၆ ရက်နေ့က ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာမှာ မူကြို ကျောင်းဆရာမနှစ်ဦးသည် အမည်မသိလက်နက်ကိုင် တပ်ဖွဲ့တစ်ဖွဲ့၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည်။




---

**စုစုပေါင်း တိုက်ပွဲအရေအတွက် ၄ ရက်**





တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၁
- ၂ - ၃

# ချင်းပြည်နယ်

ထန်တလန်နှင့် မင်းတပ်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသ ကာကွယ်ရေးပူးပေါင်းတပ်တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၅ ဦး သေဆုံး၍ ဒေသကာကွယ်ရေးတပ်မှ ၁ ဦး သေဆုံးခဲ့သည်။





မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် မစ္စနိုလင်းဟေဇာသည် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်နှင့် ဇွန်လ ၂ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် လူကိုယ်တိုင်တွေ့ဆုံခဲ့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးမှ သတင်းထုတ်ပြန်ခဲ့ပါသည်။

တွေ့ဆုံမှုတွင် မစ္စနိုလင်းဟေဇာက မြန်မာပြည်သူများ၏ ဆန္ဒသဘောထား၊ လိုအပ်ချက်များနှင့်အညီ မြန်မာနိုင်ငံပြဿနာကို ဖြေရှင်းနိုင်ရန် အစဉ်တစ်စိုက် ကြိုးစားခဲ့ပြီး၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် အထူးသံတမန် ရာထူးတာဝန်ယူချိန်မှစ၍ NUG ခေါင်းဆောင်ပိုင်းနှင့် ပုံမှန်ထိတွေ့ဆက်ဆံမှုများရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် နေပြည်တော်သို့မသွားရောက်ခင်ကလည်း တိုင်ပင်မှုများရှိခဲ့တဲ့အကြောင်း ကြေညာချက်တွင် ဖော်ပြထားပါသည်။

ယင်းသို့ တွေ့ဆုံပြီးနောက် ဇွန်လ ၃ရက်တွင် မြန်မာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာဆိုင်ရာ အထူးကိုယ်စားလှယ် နိုလင်းဟေဇာက "အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု" မလုပ်ဆောင်ဘဲ ရွေးကောက်ပွဲစီစဉ်ကျင်းပပါက အကြမ်းဖက်မှုများကို ပိုမိုဆိုးရွားစေမည့် အန္တရာယ်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ဗြိတိန်နိုင်ငံအခြေစိုက် မဟာဗျူဟာလေ့လာရေးဆိုင်ရာ နိုင်ငံတကာအင်စတီကျူ IISS က ကြီးမှူးကျင်းပသည့် ရှန်ဂရီလာဆွေးနွေးပွဲကို ဇွန်လ ၂ ရက်မှ ၄ရက်အထိစင်္ကာပူနိုင်ငံတွင် ကျင်းပခဲ့ပြီး၊ စစ်ရေးအင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်၊ တရုတ်၊ ဂျပန်၊

> ရခိုင်ပြည်နယ်တွင် မှတ်သုံ့ရာသီမတိုင်မီ စားနပ်ရိက္ခာများရရှိနိုင်ရေးနှင့် သန့်ရှင်းသည့် သောက်သုံးရေ အရင်းအမြစ်များရရှိနိုင်ရန် အချိန်နှင့်တပြေးညီ လုပ်ဆောင်ဖို့ အရေးကြီးကြောင်း

ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဗြိတိန်တို့အပါအဝင် နိုင်ငံ ၃၀ ကျော်မှကာကွယ်ရေးဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကာ ဒေသတွင်း စစ်ရေးနှင့် လုံခြုံရေးအခြေအနေများကို ဆွေးနွေးခဲ့ကြသော်လည်း မြန်မာနိုင်ငံအကြောင်း အဓိကခေါင်းစဉ်အဖြစ် ဆွေးနွေးမှုမရှိခဲ့ကြောင်း သိရပါသည်။

ရုရှားနိုင်ငံသည် ယူကရိန်းကျူးကျော်စစ်အတွင်း အသုံးပြုရန်အတွက်ဟုဆိုကာ မြန်မာနှင့် အိန္ဒိယနိုင်ငံများသို့ ရောင်းချထားသည့် ခေတ်ဟောင်းလက်နက်များနှင့် စစ်သုံးပစ္စည်းများကို ပြန်လည်ဝယ်ယူခဲ့ကြောင်းသိရပါသည်။ ယင်းသို့ဝယ်ယူရာတွင် ရုရှားစစ်တပ်အတွက် တင့်ကားတွေထုတ်လုပ်သည့် Uralvagonzavodမှ ၂၀၂၂ခုနှစ် ဒီဇင်ဘာတွင် ၎င်းတို့ ယခင်ကရောင်းချထားသော စစ်သုံးပစ္စည်းများဖြစ်သည့် အမေရိကန်ဒေါ်လာ ၂၄ သန်းဖိုးကို ပြန်လည်ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

အငြင်းပွားဖွယ် ရှိနေသော အဆိုပြုထားသည့် နေရပ်ပြန်လည်ချထားရေး လုပ်ငန်းစဉ်အတွင်း ရိုဟင်ဂျာဒုက္ခသည်များကို ၎င်းတို့၏ဆန္ဒနှင့် ဆန့်ကျင်ပြီး မြန်မာနိုင်ငံထံသို့ ပြန်စေမည်မဟုတ်ဟု ဘင်္ဂလားဒေ့ရှ်မှ ကတိပြုကြောင်း ကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာ လက်ထောက်မဟာမင်းကြီး ကယ်လီကလီမန့်က ဘင်္ဂလားဒေ့ရှ်သို့ လေးရက်တာ ခရီးစဉ်အပြီး ဇွန်လ ၅ ရက်တွင် ပြောကြားခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် မှတ်သုံ့ရာသီမတိုင်မီ စားနပ်ရိက္ခာများ ရရှိနိုင်ရေးနှင့် သန့်ရှင်းသည့် သောက်သုံးရေ အရင်းအမြစ်များရရှိနိုင်ရန် အချိန်နှင့်တပြေးညီလုပ်ဆောင်ဖို့ အရေးကြီးကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ထိုက်တန်မစ်ထရာက ပြောထားပါသည်။

### မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင်သတင်းဌာန(၁၅)ဖွဲ့အပြင်
အခြားသောပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

**Weekly News Review**